# အမှာစာ

ဒီအမှာစာကို စာအုပ်ဖတ်လို့ ပြီးတော့မှ။ သို့မဟုတ် စာအုပ်ဖတ်ပြီး တော်တော်ကြာတော့မှ ဖတ်စေချင်ပါတယ်။ အမှာစာက စာအုပ်အရှေ့ဆုံးမှာ ပါနေပေမဲ့ အရင်ဆုံး မဖတ်ကြပါနဲ့။ စာအုပ်ထဲက ရသကို အရင်လိုက်ခံစားကြပါ။

နာဂိုးဒေး မိုင်ဒူဂူရီဟာ ကျမ စိတ်ထဲက ရောပြွမ်းရှုပ်ထွေးနေတဲ့ ခံစားချက်တွေကို ဖွင့်ထုတ်ဖို့ ရေးခဲ့တဲ့ စာတွေပဲ ဖြစ်တယ်။ နိုင်ဂျီးရီးယားမှာ ကျမ တစ်နှစ်ငါးလ နေခဲ့တယ်။ ခက်ခဲလွန်းတဲ့ အခြေအနေကို စာထဲမှာ ဖတ်ကြည့်ရင် မြင်နိုင်မှာပါ။ နေရထိုင်ရတာ ခက်ခဲတယ်။ ကြမ်းတမ်းတယ်။ ခုလောလောလတ်လတ် ကျမတို့အားလုံးကြုံနေရတဲ့ အိမ်မှာနေပါ။ အပြင်မထွက်ပါနဲ့ဆိုတဲ့ အခြေအနေမျိုးမှာ နေရတာပေါ့။ ဆာဟာရ သဲကန္တာရရဲ့ အစပ်မှာမို့ ရာသီဥတုက ပြင်းတယ်။ သိပ်ပူတယ်လို့ ပြောရမယ်။ အေးတဲ့အခါတော့ သိပ်အေးတယ်တော့ မဟုတ်ဘူး။ ရေနွေးမပါရင် မနက်မလုပ်မသွားခင် ရေမချိုးနိုင်ရုံပဲ။ ရေမချိုးပဲ နေပြန်တော့ ရလားဆိုတော့ မရပြန်ဘူး။ အဲဒီလို အေးတဲ့အချိန်ဆို ခြောက်သွေ့ပြီး ဖုန်တွေ များလွန်းတော့



လူက ပိုညစ်ပတ်တယ်။ ဆံပင်ရှည်တဲ့ ကိုယ်အတွက်ဆို ပိုဆိုးပေါ့။ ပူပြန်တော့လည်း အပူချိန်က ၄၆ ဒီဂရီ စင်တီဂရိတ်။ အဝတ်ဝတ်ရင်ကို ပူနေပြီ။ မဝတ်ဘဲနေလို့လည်း မရပြန်။ တစ်ခါမှာတော့ ကျမ မခံစားနိုင်တော့လို့ လေထိုးရေကူးကန်ကြီး ဝယ်ပြီး အိပ်ခန်းထဲ ထည့်ထားတော့တာ။ ရေဖြည့်ထားပြီး စိတ်အချဉ်ပေါက်တိုင်း၊ လူအချဉ်ပေါက်တိုင်း ဝင်စိမ်နေတော့တာပဲ။

အာဖရိကရဲ့ တချို့နိုင်ငံတွေ ဥပမာ တောင်ဆူဒန်မှာဆို အဲဒီထက်တောင် ပူသေးသတဲ့။ ၅၀ ဒီဂရီ စင်တီဂရိတ်အကျော်မှာကို ရှိနေတတ်သေးတယ် ပြောကြတယ်။ ဒီကပ်ဆိုးကြီး ကျော်သွားလို့ အလုပ်ပြန်လုပ်ရင်၊ အသက်ရှင်ကျန်ရစ်ခဲ့ရင် ကျမသွားဖို့ အိပ်မက်မက်နေတဲ့ နိုင်ငံတွေထဲမှာ တောင်ဆူဒန်လည်း ပါတာပေါ့။ အာဖရိကဆိုတာမျိုးဟာ ငယ်တုန်းက ရုပ်ရှင်ထဲက မြင်ဖူးမယ်လို့ ထင်ထားတဲ့ နေရာမဟုတ်လား။ Boa Tree ဘိုအာသစ်ပင်ကြီးတွေကို မြင်ဖူးချင်သေးတယ်။ အာဖရိကရဲ့ ကမ်းခြေတွေကို သွားလှည့်ချင်သေးတယ်။ သိပ်လှတယ်ဆိုတဲ့ သဘာဝဥယျာဉ်ကြီးတွေဆီ သွားလည်ခွင့်ရချင်သေးတယ်။ မိုင်ဒူဂူရီမှာ အလုပ်လာလုပ်တဲ့သူတွေဟာ ခြောက်လကနေ ဆယ်လ အများဆုံးမှ တစ်နှစ်နေကြပါတယ်။ အလုပ်ကို စိတ်နှစ်ပြီးလုပ်လေ ကာလရှည်ရှည် မနေနိုင်လေပဲ။ အဲဒီတော့ ကျမ ဘာလို့ တစ်နှစ်ငါးလနေခဲ့လဲ ဆိုတဲ့ မေးခွန်းရှိပါတယ်။ ကျမမှာ ပြန်ကြည့်နေရတဲ့ ဖေဖေနဲ့ မေမေရှိတယ်။ ပုံမှန်အတိုင်းဆို ခြောက်လ တစ်နှစ်လောက်နေရင် ပြန်လာပြီး ခပ်အေးအေး နားနေလို့ရလောက်တဲ့ ဝင်ငွေအနေအထားမှာ ရှိပါတယ်။ သို့ပေမဲ့ ဖေဖေက အသည်းကင်ဆာ ခံစားနေခဲ့ရတယ်။ ဆေးကုဖို့ အသည်းအစားထိုးဖို့ အိပ်မက်တွေ မက်ရင်း အဲဒီမှာ နှစ်နှစ်အထိ နေဖို့ ရှုးရှုးမိုက်မိုက် ဆုံးဖြတ်လိုက်တာပဲ။

နေအိမ်အကျယ်ချုပ်လိုနေရတဲ့ ဘဝရယ်၊ တစ်မြို့လုံးမှာ မြန်မာစကားပြောတဲ့သူ ကိုယ်တစ်ယောက်တည်းရှိတဲ့ ဘဝရယ်၊ အလုပ်ရဲ့ဖိအားတွေ သိပ်များတဲ့ ဘဝရယ်၊ သူငယ်ချင်းနဲ့ဝေး၊ အိမ်နဲ့ဝေးတဲ့ ဘဝရယ် စတာတွေကြောင့် နှစ်နှစ်နေမယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ ဖြစ်မလာခဲ့ပါဘူး။ စာထဲမှာ ရေးထားတဲ့အတိုင်းပဲ ဇန်နဝါရီ ၃ ရက်နေ့ ၂၀၂၀ မှာ မြန်မာပြည်ကို ပြန်ရောက်လာတော့တာပဲ။ အဲဒီကြားထဲက အဖြစ်အပျက်တွေဟာ မြန်ဆန်လွန်းတယ်။ စိတ်ဓာတ်ထိုးကျသွားတာဟာ မြန်ဆန်လွန်းလို့ အသေးစိတ်ကို



တောင် မရေးပြနိုင်လောက်အောင်ပဲ။ အဲဒီအချိန်ကို ပြန်သွားဖို့၊ အဲဒီအခိုက်အတန့်ကို အသေးစိတ်ရေးပြဖို့ အခုအချိန်ထိ စိတ်မခိုင်သေးတာ အမှန်ပဲ။

ဒီစာကို ရေးလိုက်တဲ့အတွက် ကျမ မှတ်ဉာဏ်ထဲမှာ ဆစ်ကလက်တွေ ဖွာတဲ့အချိန်တွေ၊ အရက်တွေ၊ ဘီယာတွေ မူးဝေနေတဲ့အချိန်တွေ၊ မျက်ရည်တွေ ကျခဲ့ရတဲ့အချိန်တွေ၊ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားရတဲ့အခါတွေ၊ ကြိုးပုခက်ပေါ်အိပ်၊ ဘာမှန်းမသိတဲ့ သီချင်းတွေ အကျယ်ကြီးလာနေတဲ့ နားကြပ်ကြီးတပ်၊ စာအုပ်တစ်အုပ် ရင်ဘတ်ပေါ်တင်ပြီး ကောင်းကင်ကြီးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေတဲ့ ခါးသီးမှောင်မည်းတဲ့ ပုံရိပ်တွေ ဝေဝါးလို့သွားပြီး ချစ်စရာအမှတ်တရလေးတွေ ပြန်ထင်ရှားလာတာ အမြတ်ထွက်တယ် ပြောရမှာပဲ။

မြန်မာပြည် ပြန်ရောက်တဲ့အချိန်မှာ စိတ်ဓာတ်က ဟိုးအောက်ဆုံးမှာပါ။ ဆိုက်ကိုလော့ဂျစ်နဲ့တွေ့ရ၊ ကွန်ဆဲလင်း ဆက်ရှင်တွေ ဝင်ရပါပဲ။ အလုပ်ဆိုတာကြီးကို၊ နိုင်ဂျီးရီးယားဆိုတဲ့ နာမည်ကြီးကို မကြားချင်လောက်အောင်ပဲ။ ဒါကြီးကိုရအောင် တိုက်ထုတ်ရတယ်။ ဖေဖေ့ကို ဂရုစိုက်ရဦးမယ် မဟုတ်လား။

ကံကောင်းချင်တော့ မြန်မာပြည်မှာ စာရေးတယ်ဆိုတဲ့ ဘဝတစ်ခုထဲကို လွယ်လွယ်ကူကူ ဝင်ကစွတ်လို ပြန်ဝင်လိုက်လို့ရတယ်။ ဟိုဘဝကြီးကို ခဏဝင်နိုခဲ့တဲ့ ခရုခွံတစ်ခုလို စွန့်ပစ်လိုက်လို့ လွယ်ကူတာပေါ့။ ဒီမှာ စာရေးတဲ့သူဆိုတဲ့ ခရုခွံဘဝတစ်ခုက စောင့်နေတာကိုး။ ပြန်ရောက်ပြီး ခပ်မြန်မြန်ပဲ မဖတ်ရသေးတဲ့ စာအုပ်တွေပတ်ဝယ်၊ ဖတ်။ ထုတ်ဝေသူတွေ၊ စာရေးတဲ့သူတွေ အသိုင်းအဝိုင်းထဲကို အမြန်ဆုံး ပြန်ဝင်ပစ်လိုက်တာပဲ။

ဒီကြားထဲ ဖေဖေက မကြာမကြာ ဆေးရုံတက်တယ်။ ဖေဖေ့ကို လူနာစောင့်ရင်း စာတွေရေးတယ်။ မပြီးသေးတဲ့ ရွက်ကြွေ (Falling Leaves ဘာသာပြန်)ကို အဆုံးသတ်ပစ်တယ်။ ဒီစာအုပ်ဆုံးမှာ စာပြီးချိန်နဲ့နေရာမှာ စိန့်ဆေးရုံ အခန်းအမှတ် ၄၅၂ လို့ တွေ့ရမှာပါ။ ဒီတစ်အုပ်လုံးနီးပါးကို အဲဒီအခန်းထဲမှာနဲ့ အဲဒီအခန်းရဲ့ ဝရန်တာလေးမှာ ရေးခဲ့တာ။

စာအုပ်ပြီးသွားပြီး ကိုဝင်းလှိုင် မျက်နှာဖုံး ပို့ပေးတဲ့အခါကျ ဖေဖေ့ကို ပြလိုက်ပါသေးတယ်။ အရင်က စာအုပ်တစ်အုပ်ပြီးတယ်။ ထွက်မယ်ဆိုရင် သူ လှိုက်လှိုက်လှဲလှဲ ဝမ်းသာတတ်တယ်။ ဒီတစ်ခါပြတော့ သူ့မှာ



ခံစားချက်တွေ မရှိတော့သလိုပါပဲ။

ဒီစာတွေကို သူ ဖတ်မသွားပါဘူး။ ကျမ စာအုပ်တွေထားဖို့ စာအုပ်စင်ကို ကိုယ်တိုင်လုပ်ပေးခဲ့တဲ့ ဖေဖေဟာ ဟိုဘက်အခြမ်းကို လွန်ခဲ့တဲ့ တစ်လက ထွက်သွားခဲ့ပါပြီ။ ပုံမှန်ဆိုရင် ကျမက ခရီးတွေသွားတဲ့အခါ သွားဖြစ်တဲ့အကြောင်း၊ ဘာလုပ်တဲ့အကြောင်း ခရီးသွားအက်ဆေးလေးတွေ ရေးတတ်တဲ့သူမို့ ၂၀၁၈ ဇူလိုင်မှာ ကျမ ဒီနိုင်ငံထဲက ထွက်၊ ပါရီကိုဝင်၊ နိုင်ဂျီးရီးယားကို သွားကတည်းက ကျမရေးမယ့် အတွေ့အကြုံတွေကို သူ ဖတ်ဖို့ မျှော်နေတာတဲ့။ သိပ်ခက်ခဲလွန်းတဲ့ အခြေအနေတွေကို ဟိုမှာရှိနေတုန်းမှာ ကျမ မရေးခဲ့ဘူး။ မရေးချင်ခဲ့ဘူး။ ကျန်ခဲ့တဲ့လူတွေကို ကိုယ် ဘာတွေ ရင်ဆိုင်နေရတယ်ဆိုတာ ရေးပြပြီး စိတ်ပူအောင်လုပ်ဖို့ မဝံ့ရဲခဲ့ဘူး။

ခုရေးပြီးတော့ ဖတ်မယ့် သူက မရှိတော့ဘူး။
(ဒီစာရေးတဲ့အချိန် ကျမ ငိုနေခဲ့တယ်။)

မယ်ကွို
၂၃ နာရီ ၄၂ မိနစ်
၁၉ ရက် ဧပြီလ ၂၀၂၀
တောင်ကြီးအိမ်

•••